ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ်

ပျားတဲကျေးရွာအုပ်စု၊ပျားတဲကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပျားတဲကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြောက်ဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဧပြီလ၊ ၂၀၂၀

# မာတိကာ


ပျားတဲကျေးရွာ သယံဇာတပြမြေပုံ၊ မြောက်ဦးမြို့နယ်

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ


နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)

# ပျားတဲကျေးရွာ အခြေပြမြေပုံ



**၁။တည်နေရာနှင့်ပထဝီဝင် အနေအထား**

ပျားတဲကျေးရွာသည် မြောက်ဦးမြို့နယ်၏အနောက်တောင်ဘက်တွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာတည်ရှိပုံမှာ စတုဂံပုံစံဖြစ်ပါသည်။ ကျေးရွာ၏အရှေ့နှင့် အနောက် ၃၃၀၀ ပေနှင့် တောင်နှင့်မြောက် ၁၈၀၀ ပေခန့် ကျယ်ဝန်းပါသည်။ အရှေ့ဘက်တွင် ဆူးရာဇ်ချောင်းကျေးရွာ၊ အနောက်ဘက်တွင် လေညှင်းသာကျေးရွာ၊ မြောက်ဘက်တွင် နောင်မင်းရွာနှင့် တောင်ဘက်တွင် ပြောင်းပေါ်ကျေးရွာတို့တည်ရှိပြီး ဂဏန်းကျွန်းချောင်းနှင့် ကပ်လျက်တွင်တည်ရှိပါသည်။

**၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

တစ်နှစ်လျှင် မိုးရေချိန်လက်မ(၁၅၇.၀၃)ခန့်ရရှိပြီး အဓိကမိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၈၁၂.၃၂)ဧက ရှိပါသည်။ ကျေးရွာအနီးတွင် တနိုင်တပိုင် ငါး၊ပုစွန်များရှာဖွေနိုင်သော ဂဏန်းကျွန်းချောင်းရှိပြီး ဆောင်သီးနှံစိုက်ပျိုးရန် ရေအရင်းအမြစ်မရှိ၍ မလုပ်ကိုင်နိုင်ကြပါ။ မေလနှင့် အောက်တိုဘာလများတွင် ဘင်္ဂလားပင်လယ်အော်မှ အပူပိုင်းမုန်တိုင်း ကျရောက်တတ်သဖြင့် ပင်လယ်ကမ်းခြေဒေသများသာမက မြေနိမ့်ပိုင်းဒေသနေထိုင်သူများမှာ မုန်တိုင်းအန္တရာယ် ဆိုးကျိုးများကို မကြာခဏခံရတတ်ပါသည်။မိုးများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး မိုးဦးနောက်ကျသည့်နှစ်များတွင် သောက်သုံးရေခက်ခဲမှု ကြုံတွေ့တတ်ရပါသည်။

**၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ကျေးရွာတွင် သာရေးနာရေးကိစ္စကြီးငယ်များ ပေါ်ပေါက်လျှင် ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတွင် စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်တင့်ရရှိထားသည်။ ထို့ပြင် ရပ်မိရပ်ဖအဖွဲ့၊ အပျိုလူပျိုအဖွဲ့၊ ကျောင်းသားမိဘအဖွဲ့နှင့် အမျိုးသမီးအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီး စွမ်းဆောင်နိုင်မှုအသင့်အတင့်ရှိကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်

နေသော ပြင်ပအဖွဲ့အစည်းများတွင် သမဝါယမအဖွဲ့အစည်းသည် ငွေကြေးချေးယူနိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး စွမ်းဆောင်ရည်အသင့်အတင့် ကောင်းမွန်ပါသည်။

**(၄)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မြို့နယ်တွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများကို အသင့်အတင့်ရရှိနိုင်ပြီး စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း သတ်မှတ်ချက်နှင့်ညီသည့် လယ်သမားများ ချေးယူရရှိနိုင်ပါသည်။ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုတွင် လယ်မြေ(၈၁၂.၃၂)ကေနှင့် ခနိတောမြေ(၅.၃၈)ကေရှိပြီး မြေဆီလွှာအရည်အသွေးအသင့်တင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအခြေအနေတွင် မြေယာမဲ့အိမ်ထောင်စု(၂၂၀)ရှိ၍ အဆင်မပြေသော အိမ်ထောင်စုများပြားကြောင်း လေ့လာတွေ့ရှိရပြီး လယ်မြေပိုင်ဆိုင်သောအိမ်ထောင်စုများတွင် အငှားလုပ်ကိုင်ကြရသည်။ အဟန့်အတားများမှာ ရေသွင်းစိုက်ပျိုးရန် ဆည်မြောင်းရေ မရရှိနိုင်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းနည်းပါးခြင်း၊ အလုပ်သမားစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုး ကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှု အလုံအလောက်မရရှိနိုင်ခြင်း၊ ငွေကြေးအရင်းအနှီး အလွယ်တကူမရနိုင်ခြင်းနှင့် လယ်ယာသုံးစက်ကရိယာများ တွင်ကျယ်စွာ အသုံးမပြုနိုင်ခြင်း တို့ဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် စပါးကိုအဓိကသီးနှံအဖြစ်စိုက်ပျိုးပြီး ရေအရင်းအမြစ်မရှိ၍ မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးနိုင်ပြီး တစ်ကေပျမ်းမျှ အထွက်နှုန်း(၃၀)တင်းခန့်ထွက်ရှိသည်။ အလုပ်သမားရှားပါးမှု ပြဿနာကိုရင်ဆိုင်နေရပြီး စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရန် အရင်းအနှီးလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများမှာ ရာသီဥတုမမှန်ခြင်း၊ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ စိုက်ပျိုးရေအရင်းအမြစ်အလွယ်တကူ မရနိုင်ခြင်း၊ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုအလွယ်တကူမရနိုင်ခြင်း၊ သီးနှံမျိုးစေ့အလွယ်တကူ မရနိုင်ခြင်း၊ သဘာဝမြေဆွေးနှင့် အခြားအော်ဂဲနစ်သွင်းအားစုများအလွယ်တကူမရနိုင်ခြင်း၊ လုပ်သား အလွယ်တကူမရနိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှုအလွယ်တကူမရနိုင်ခြင်း၊ သီးနှံများကို ဈေးနှုန်းမှန်ကန်စွာမရောင်းချနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါကျရောက်မှု တို့ဖြစ်သည်။ ယခုအခါ ရာသီဥတုမမှန်သောကြောင့် (မိုးအလွန်များခြင်း၊ ရေခမ်းခြင်း)ကြောင့် လယ်ယာစိုက်ပျိုးရေး

အတွက် အဟာန့်အတားဖြစ်လာပါသည်။ ထို့ပြင် ဆားငန်ရေဝင်သောလယ် မြေများသောကြောင့် စိုက်ပျိုးရေးသီးနှံအထွက်တိုးရန်အတွက် အဓိကအခက်အခဲဖြစ်သည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုတွင် ကျွဲ (၇၅)ကောင်၊ ဝက်(၁၀)ကောင်၊ ကြက်(၁၂၀၀)ကောင် မွေးမြူထားရှိပြီး ဝက်ကိုတနိုင်တပိုင် အသက်မွေးဝမ်းကျောင်းအတွက် မွေးမြူကြသည်။ ကျွဲကို စိုက်ပျိုးရေးတွင် အသုံးပြုရန် မွေးမြူထားကြခြင်း ဖြစ်ပြီး ငါးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် အခွင့်အလမ်းများအနေဖြင့် အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှုအသင့်အတင့်ရှိခြင်း၊ မျိုးတိရစ္ဆာန်လက်လှမ်းမီမှုအသင့်အတင့်ဝယ်ယူရနိုင်ခြင်း၊ ထုတ်ကုန်များကိုအလွယ်တကူ ရောင်းဝယ်နိုင်ခြင်းတို့ဖြစ်ပြီး အဟာန့်အတားများအနေဖြင့် နည်းပညာနှင့် အတိုးနည်းချေးငွေ မရနိုင်ခြင်းတို့ဖြစ်ပါသည်။ ရေမြေအနေအထားမကောင်း၍ ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ လုံးဝမရှိဘဲ တနိုင်တပိုင်ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ကြသည်။

### (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကအားထားလုပ်ကိုင်ကြရပြီး ကျား၊ မအလိုက် လုပ်အားခန့်မှန်းထားများမှာ အနည်းငယ်သာကွာခြားကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ အလွန်နည်းပါးပြီး ပြဿနာနှင့်အခက်အခဲများတွင် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း အဓိကအကြောင်းအရင်းများဖြစ်သည်။ ယခင်မြောက်ဦး-စစ်တွေ ရေကြောင်းခရီးပြေးဆွဲရာတွင် ပျားတဲကျေးရွာတွင်သင်္ဘောရပ်နား၍ ရောင်းဝယ်ရေး လုပ်ငန်းများ အဆင်ပြေခဲ့သော်လည်း ယခုအခါ သင်္ဘောမပြေးဆွဲတော့၍ အပိုဝင်ငွေမရရှိတော့ပါ။

### (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ငွေကြေးဝန်ဆောင်မှုအမျိုးအစားများတွင် ကာလတိုချေးငွေများချေးယူရရှိနိုင်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးရေးအတွက် နှစ်စဉ်အတိုးနှုန်း(ပြား ၈၀) ဖြင့်ချေးယူနိုင်ခြင်း၊ သမဝါယမချေးငွေကို ၃-၆လအတွင်း အတိုးနှုန်း(၃ ကျပ်)ဖြင့်ရယူနိုင်ခြင်း၊ အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ်များမှ ၃-၆လအတွင်း အတိုးနှုန်း ၅ ကျပ်

ဖြင့်ရယူနိုင်ပါသည်။ လေ့လာတွေ့ရှိချက်အရ အလုပ်အကိုင်ရှားပါးမှုကြောင့် ရွှေ့ပြောင်းလုပ်ကိုင်နေသူများ၏ ပြန်ပို့ငွေကိုမှီခိုနေရပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရယူရန် မြောက်ဦးမြို့မစျေးသည် ၇ မိုင် အထိကွာဝေးပြီး ရေကြောင်းတစ်ခုတည်းဖြင့်သာ သွားလာနိုင်သည်။ မြစ်ကြောင်းသယ်ယူ ပို့ဆောင်ရေးကို အသုံးပြုကြရပြီး လှေ၊ စက်လှေများဖြင့် သွားလာကြရပါသည်။ ကျေးရွာတွင် စက်လှေ (၆၂)စီးရှိပြီး လမ်းပန်းဆက်သွယ်ရေးအခြေအနေ အလွန်ညံ့ဖျင်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေတွင် ရွာတွင်းလမ်းသည် ကိုယ်ထူကိုယ်ထမြေသားလမ်းနှင့် ကျောက်ခင်းလမ်းဖြစ်ပြီး သုံးရာသီလုံးအသုံးပြုနေကြရသော်လည်း အလွန်ညံ့ဖျင်းပါသည်။ ကျေးရွာ၏ဆိပ်ခံတံတားနှင့် ရွာတွင်းတံတားကို ကိုယ်ထူကိုယ်ထသစ်သားဖြင့်ပြုလုပ်ထားပြီး တည်ဆောက်ချိန်ကြာမြင့်နေပြီဖြစ်၍ အရည်အသွေးအလွန်ညံ့ဖျင်းနေပြီဖြစ်ပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာ၏လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ဆိုလာစနစ်ကိုသာအသုံးပြုကြရပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာလက်လှမ်းမီမှုအခြေအနေတွင် အသင့်အတင့်ကောင်းမွန်၍ ဖုန်း(၅၉)လုံး၊ ရေဒီယို(၂၀)လုံး၊ တီဗွီ(၄၀)လုံး၊ ဂြိုလ်တုစလောင်း(၂၀)လုံးပိုင်ဆိုင်ကြပါသည်။

### (ဃ)ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များပြည်တွင်းပြည်ပသို့ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိရေးအတွက်အလုပ်လုပ်ကိုင်ကြရပါသည်။

ပညာရေးအတန်းပညာပြီးမြောက်မှုစာရင်းကောက်ယူရာတွင် စာမတတ်သူဦးရေ(၆၄၉)ဦး ရှိပြီး အတန်းပညာနည်းပါးသောလူဦးရေများနေကြောင်း တွေ့ရှိရပါသည်။ လက်ရှိပညာသင်ကြားနေသောကျောင်းသား/သူ စာရင်းကောက်ယူရာတွင် မူလတန်း ကျောင်းသား/သူ (၁၁၄)ဦး၊ အလယ်တန်းကျောင်းသား/ သူ(၇၆)ဦး၊ အထက်တန်းကျောင်းသား/ သူ (၃၀)ဦးရှိပြီး အထက်တန်းပညာသင်ကြားနေသော လူဦးရေနည်းပါး၍ ကျေးရွာတွင် ကျောင်းထွက်နှုန်းများကြောင်းတွေ့ရှိရသည်။ ကျေးရွာတွင် စတုရန်းပေ ၉၀' × ၃၆၀' အကျယ်အဝန်းရှိသော အထက်တန်းကျောင်းသည် အရည်အသွေးအသင့်အတင့်ကောင်းမွန်ပြီး ဆရာ (၇)ဦးနှင့် ဆရာမ(၁၃)ဦး စုစုပေါင်း(၂၀)ဦးရှိ၍ တပည့်-ဆရာအချိုး ၄၀း၁ အောက်ရှိပါသည်။ ပညာရေးအခက်အခဲနှင့် ပြဿနာများမှာ ကျောင်းဆရာ/မ မလုံလောက်ခြင်း၊ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်ခြင်း၊ ကျောင်းအားကစားဆိုင်ရာ လက်လှမ်းမမီခြင်းနှင့် ကျောင်းသုံးပရိဘောဂ နည်းပါးခြင်းတို့ဖြစ်ပါသည်။

**(၇) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

အဖြစ်များသောရောဂါများတွင် သွေးတိုးရောဂါဖြစ်ပွားမှု များပြားကြောင်း တွေ့ရှိရပါသည်။ ကာကွယ်ဆေးထိုးနှံမှုကို ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများမှ ပုံမှန်ထိုးပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာမှ ၇ မိုင်ခန့် ဝေးသော မြောက်ဦးဆေးရုံမှ ရရှိပါသည်။ ရေကို ကျေးရွာသောက်သုံးရေကန်မှ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးအသုံးပြုနိုင်ပြီးအရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ကျန်းမာရေးအတွက် ယင်လုံအိမ်သာအသုံးပြုသူ မိသားစုအလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

**(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်းတို့ကြောင့် နှစ်စဉ်ထိခိုက်မှုအနည်းငယ်ရှိပြီး တခြားသဘာဝ ဘေးအန္တရာယ်များကျရောက်မှုမရှိပါ။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု အတွက် လက်ရှိလုပ်ဆောင်နေခြင်းမရှိပါ။

### (၉) ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျား–မအလိုက်လုပ်အားခန့်နှုန်းထားများမှာ လုပ်ငန်းအမျိုးအစားအလိုက်အနည်းငယ်သာ ကွားခြားပါသည်။ ကျေးရွာ၏သာရေးနာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ကြပြီး စီမံအုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုအပိုင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိကြပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထုသိမြင်မှုနည်းပါးသော်လည်း အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများ မရှိသေးပါ။

### (၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

### နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)